Multimedia Group

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များနှင့် အခြားသတင်းအယ်ဒီတာချုပ်များအား အကြမ်းဖက်မှုဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်၊ ဖမ်းဆီးအရေးယူမှု ပယ်ဖျက်ပေးပါရန် နိုင်ငံတော် အတိုင်ပင်ခံနှင့် သမ္မတထံ BNI Multimedia Group ၏ အိတ်ဖွင့်ပေးစာ

ရက်စွဲ - ဧပြီလ ၂ရက်၊ ၂၀၂၀ပြည့်နှစ်။

BNI အဖွဲ့ဝင် ရခိုင်သတင်းဌာနဖြစ်သည့် နိရဉ္စရာသတင်းဌာန၏ အယ်ဒီတာချုပ် ခိုင်မြတ်ကျော်အား ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အမှတ်(၁)မြို့မရဲစခန်းက မတ်လ (၃၁)ရက်နေ့တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ကာ တရားစွဲဆိုထားခဲ့ သည်။ ထိုနေ့ညနေ ၅နာရီခန့်တွင် အရပ်ဝတ်ဖြင့် CID, အထူးသတင်းတပ်ဖွဲ့(SB)နှင့် အုပ်ချုပ်ရေး တာဝန်ရှိသူများ ပါဝင်သော ၁၀ဦးအဖွဲ့သည် စစ်တွေမြို့၊ ရွှေသာလမ်းရှိ နိရဉ္စရာ သတင်းဌာနရုံးခန်းကို မိနစ် ၃၀ခန့် ဝင်ရောက်ရှာဖွေခဲ့ကြပြီး ရုံးတွင်းရှိ လုပ်ငန်းသုံး Laptop နှစ်လုံးကို သိမ်းဆည်းလိုက်သည့်အပြင် သတင်းထောက်သုံးဦးကိုပါ ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့ကြသည်။

ခေါ်ဆောင်သွားခံခဲ့ရသည့် နိရဉ္စရာသတင်းဌာန၏ အကြီးတန်းသတင်းထောက် သိန်းဇော် (ခ) သန့်မြတ်ခိုင်၊ အောင်လင်းထွန်းနှင့် ထွန်းနိုင်တို့အား ရဲစခန်းက ည ၇နာရီအချိန်တွင် စစ်ဆေးပြီးနောက် ပြန်လည် လွှတ်ပေးခဲ့သည်။ ၎င်းတို့၏ ပြောဆိုချက်အရ တရားစွဲဆိုရသည့် အကြောင်းရင်းမှာ နိရဉ္စရာသတင်းတစ်ပုဒ်တွင် AA ပြောခွင့်ရသူ ခိုင်သုခနှင့် ဆက်သွယ်မေးမြန်းထားချက်ကို ထုတ်လွှင့်ခြင်းကြောင့်ဟု ပြန်လည်သိရသည်။

ယင်းသို့ အမှုဖွင့် တရားစွဲခံထားရသူ အယ်ဒီတာချုပ် ခိုင်မြတ်ကျော်သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ အဖွဲ့ဝင်တစ်ဦး ဖြစ်သကဲ့သို့ ဘီဘီစီ(မြန်မာပိုင်း)၌လည်း အလုပ်လုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။ ထို့အပြင် အဖွဲ့ဝင် ၁၆ဖွဲ့ဖြင့် မီဒီယာကွန်ရက် ဖွဲ့စည်းထားသည့် BNI ၏ မူဝါဒရေးရာကော်မတီ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

ထို့အပြင် ရန်ကုန်ခေတ်သစ်သတင်းဌာန၏ အယ်ဒီတာချုပ် ကိုသာလွန်ဇောင်းထက် (ခ) ကိုလှိုင်းသစ်ဇင်ဝေကို မတ်လ ၃၁ရက် ညပိုင်းတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့်ပင် အမှုဖွင့်ပြီး ဖမ်းဆီးရန် ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်လျှက်ရှိသည်ဟု သိရပါသည်။ အလားတူ မတ်လ ၃၀ရက်၊ ည ၉နာရီခွဲခန့်တွင် Voice of Myanmar (VOM) အယ်ဒီတာချုပ် ကိုနေမျိုးလင်း (ခ) ကိုနေလင်းအား ဖမ်းဆီးခေါ်ဆောင်သွားကာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ(၅၀)က၊ (၅၂)ကတို့ ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မှူခင်းသတင်းတပ်ဖွဲ့က အမှုဖွင့်ကာ ရဲစခန်းတွင် ထိန်းသိမ်းထားခဲ့သည်။

၂၀၂၀ပြည့်နှစ်၊ မတ်လ ၂၃ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ကို ထုတ်ပြန်ရာ၌ နိုင်ငံတော်သမ္မတသည် United League of Arakan(ULA), Arakan Army(AA) လက်နက်ကိုင်အဖွဲ့နှင့် ယင်းအဖွဲ့၏ လက်အောက်ခံအဖွဲ့များကို အက်ဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂)ပါ အဓိပ္ပါယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်ကို အစိုးရ၏ မြန်မာ့အလင်းသတင်းစာတွင် တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် မီဒီယာသမားများအား အမှုဖွင့်ခြင်း၊ တရားစွဲဆိုလိုခြင်းများရှိပါက ၂၀၁၄ခုနှစ်က ပြဋ္ဌာန်းထားခဲ့သည့် မီဒီယာ ဥပဒေနှင့်အညီ ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MPC)သို့ တိုင်ကြားခြင်း၊ ထိုမှတဆင့် ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်း စသည်ဖြင့် လုပ်ဆောင်မှု အဆင့်ဆင့်ရှိသော်လည်း မီဒီယာကျင့်ဝတ်ကို သိနားလည်ကာ လိုက်နာဆောင်ရွက်လျှက်ရှိသည့် MPC ၏ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်တစ်ဦးတို့ကိုယ်တိုင် ရာဇဝတ်မှုဖြင့် အမှုဖွင့်ခံထားရနေသည်ကို တွေ့ရသည်။

ပြီးခဲ့သည့် ၂၀၁၉ခုနှစ်၊ မေလ (၁)ရက်နေ့ကလည်း BNI ၏ အခြားအဖွဲ့ဝင် မီဒီယာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Development Media Group (DMG)၏ အယ်ဒီတာချုပ် ကိုအောင်မင်းဦးနှင့် အခြားတာဝန်ရှိသူများကို စစ်တွေမြို့ အထူးသတင်းတပ်ဖွဲ့(SB) က မတရားအသင်း ဆက်သွယ်မှုဥပဒေပုဒ်မ (၁၇/၂)ဖြင့် စစ်တွေ အမှတ်(၁) ရဲစခန်းတွင် အမှုဖွင့်ထားခဲ့သည်မှာ ယခုဆိုလျှင် တစ်နှစ်နီးပါး ရှိပြီဖြစ်သည်။

ယခုအချိန်သည် တစ်ကမ္ဘာလုံးက ကိုရိုနာဗိုင်းရပ်စ်(Covid-19)ကြောင့် စိုးရိမ်ထိတ်လန့်ကာ စောင့်ကြည့်စစ်ဆေး၊ ထိန်းချုပ် ရေး လုပ်ဆောင်မှုများကို နိုင်ငံအသီးသီးက ဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင် ဆန်းစုကြည်အနေဖြင့်လည်း နိုင်ငံသူနိုင်ငံသားများအား ပညာပေးမှုများ၊ သတိပေးစကားများ ပြောကြားလျှက်ရှိသည်ကိုလည်း မြင်တွေ့ကြားသိနေရသည်။

ယင်းသို့ Covid-19 ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် ပညာပေးရာတွင် နိုင်ငံအတွင်းရှိ သတင်းမီဒီယာများ ၏ အခန်းကဏ္ဍကလည်း အရေးကြီးပါသည်။ ထို့ကြောင့် မှန်ကန်တိကျ ခိုင်မာသည့် သတင်းအချက်အလက်များကို အသိပေးမှု၊ ပညာပေးမှုအားဖြင့် အားကြိုးမာန်တက် လုပ်ကိုင်နေကြသည့် မီဒီယာသမားများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံ ရေးမှာ လွန်စွာ လိုအပ်လျှက်ရှိသည်။ သတင်းမီဒီယာသမားများသည် တိုင်းပြည်တွင် ရာဇဝတ်မှုကို ကျူးလွန်နေကြသူများ မဟုတ်ကြပါ။

သို့ဖြစ်ပါ၍ BNI အနေဖြင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ  မေတ္တာ ရပ်ခံ ပန်ကြားလိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်၊ တရားစွဲဆိုကာ ဖမ်းဆီးခံထားရသော သတင်းမီဒီ ယာများမှ အယ်ဒီတာချုပ်များအား ၎င်းတို့ရင်ဆိုင်နေရသည့် အမှုများမှ အမြန်ဆုံး ရုပ်သိမ်းပယ်ဖျက်ပေးပါရန်နှင့် ယင်းသို့ ဆောင်ရွက်မှုများ ရှေ့ဆက် မဖြစ်ပေါ်စေရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသို့ လှမ်းချီနေသည့် အစိုးရတစ်ရပ်အနေဖြင့် လူသားချင်းစာနာမှုအပြည့်နှင့်အတူ တားဆီးပေးနိုင်ပါရန် လေးစားစွာဖြင့် စာရေးပေးပို့အပ်ပါသည်။

လူ့အခွင့်အရေးနှင့် တရားမျှတရေးကို လေးစားလျက်

မူဝါဒရေးရာကော်မတီ
BNI Multimedia Group
နံပါတ် ၂၀၅/၂၀၆၊ လေးလွှာ။ ဓမ္မာရုံလမ်း၊ ရွှေဂုံတိုင်ဗောတိကကွန်ဒို။ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၄၅၀၀၄၄၆၂၇

*မိတ္တူ - မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ*